# PRESS RELEASE

## U.S. EMBASSY RANGOON

110 University Avenue, Kamayut Township, Rangoon, Burma

**ချက်ချင်းထုတ်ပြန်ရန်**
**မေ ၁၀ ရက်၊ ၂၀၁၉**

### နေပြည်တော်တွင်ဖွင့်လှစ်မည့် သံရုံးဆက်ဆံရေးရုံးအတွက် အမေရိကန်သံရုံးက ပန္နက်ချခြင်းအခမ်းအနား

**နေပြည်တော်၊ မြန်မာ။** ။ နေပြည်တော်တွင်ဖွင့်လှစ်မည့် အမေရိကန်သံရုံးဆက်ဆံရေးရုံး တရားဝင် ပန္နက်ချသည့် အခမ်းအနား ယနေ့ကျင်းပပြုလုပ်ရာ သံအမတ်ကြီး စကော့မာစီရယ်နှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တို့တက်ရောက်ခဲ့ကြပါသည်။ အဆိုပါရုံးသည် အမေရိကန်အစိုးရ နေပြည်တော်တွင် အမြဲတမ်း ကိုယ်စားပြု ရှိနေခြင်းကို ပြသနေပြီး ပိုမိုတိုးတက်လာသည့် အမေရိကန်သံတမန်များနှင့် မြန်မာအစိုးရအကြား ထိတွေ့ဆက်ဆံရေး လွယ်ကူအဆင်ပြေစေရန် ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ ဤပန္နက်ချအခမ်းအနားနှင့် နောင်တွင်ဖွင့်လှစ်မည့် သံရုံးဆက်ဆံရေးရုံးသည် လွန်ခဲ့သော နှစ်ပေါင်း ၇၀ ကျော်က စတင်ခဲ့သည့် မြန်မာနှင့် နှစ်နိုင်ငံဆက်ဆံရေးအပေါ် အမေရိကန်ပြည်ထောင်စုက ထားရှိသော ကာလရှည်ကြာ ကတိကဝတ်ကို ထင်ဟပ်ပြသပါသည်။

"ပိုမိုငြိမ်းချမ်းမှု၊ သာယာဝပြောမှုနဲ့ဒီမိုကရက်တစ် လွတ်လပ်မှုအတွက် အောင်မြင်မှုတွေရဖို့ မြန်မာနိုင်ငံအတွင်း မြောက်များစွာ စွန့်လွတ် အနစ်နာခံခဲ့ရမှုတွေအတွက် အားပေးကူညီဖို့ အမေရိကန်ပြည်သူတွေကသန္နိဋ္ဌာန်ချထားပါတယ်။ ဒီရည်မှန်းချက်တွေ ရှေ့ဆက် ဖော်ဆောင်ရာမှာ မြန်မာအစိုးရနဲ့အတူတကွ လက်တွဲဆောင်ရွက်နိုင်ဖို့အတွက် ဒီရုံးအသစ်က ကျွန်တော်တို့ရဲ့ လုပ်ကိုင်နိုင် စွမ်းရည်တွေကို ပိုမိုအားကောင်းလာစေမှာ ဖြစ်ပါတယ်" ဟု သံအမတ်ကြီးမာစီရယ်ကပြောပါသည်။

သံရုံးဆက်ဆံရေးရုံး နေပြည်တော်တွင်တည်ဆောက်မှုသည် ၂၀၂၀ ခုနှစ်တွင် ပြီးစီးမည်ဟုရည်မှန်းထားပြီး အမေရိကန်အရာရှိ သုံးဦး၊ ဌာနေခန့်ဝန်ထမ်း အယောက် ၂၀ ကို ကနဦးထားရှိသွားမည်ဖြစ်ပါသည်။ နေပြည်တော်ရှိ ဤဆက်ဆံရေးရုံးကတစ်ဆင့် အမေရိကန် သံရုံးသည် ၎င်းပြည်သူအားလုံး၏ လူ့အခွင့်အရေးကို လေးစားတန်ဖိုးထားသော ငြိမ်းချမ်း၍ သာယာဝပြောသည့် ဒီမိုကရက်တစ် မြန်မာနိုင်ငံကို အားပေးကူညီရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သင့်တော်သော မြေနေရာသတ်မှတ်၍ ရရှိပြီးသည်နှင့် တစ်ပြိုင်နက် မိမိတို့အနေဖြင့် သံရုံးဆောက်လုပ်ရန် ခြံဝင်းတစ်ခုအတွက်လည်း အစီအစဉ်စတင်ချမှတ်နိုင်မည်ဖြစ်ပါသည်။

၂၀၁၂ ခုနှစ်က စတင်၍ မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရှေ့တိုးဆောင်ရွက်ရေးနှင့် သန်းနှင့်ချီသော လူနေမှုဘဝများ ပိုမိုတိုးတက်ရေးတို့အတွက် ဒေါ်လာသန်း ၉၅၀ ကျော်ကို အမေရိကန်ပြည်ထောင်စုက ကူညီပံ့ပိုးပေးခဲ့ပြီးဖြစ်ပါသည်။ လူပေါင်း ၁.၁ သန်းကျော် စားနပ်ရိက္ခာဖူလုံမှုရရှိခဲ့ပြီး လုပ်ကွက်ငယ်တောင်သူလယ်သမား ၃၀၀,၀၀၀ ကျော်၏ မိသားစုများမှာ ပိုမိုကောင်းမွန်သော နည်းပညာ၊ ဈေးကွက်များနှင့် ရင်းနှီးမြှုပ်နှံမှုအသစ်များရရှိခဲ့ပါသည်။ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် အတွင်းရှိ ထိခိုက်ခံစားလွယ်သောလူမှုအသိုက်အဝန်းများအပါအဝင် မြန်မာနိုင်ငံအတွင်း လူသားချင်းစာနာမှု အကူအညီ လိုအပ်နေမှုများကို ဖြေရှင်းရန်အတွက် ဒေါ်လာ သန်း ၃၀၀ နီးပါးကိုလည်း ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ်အတွင်းပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

\### ပြီး ###